# ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး

# ၅၆ ရက်မြောက်နေ့ အစီအစဉ်

# [ ၂-၆-၂၀၁၅ ] ( အင်္ဂါနေ့ )

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၅၆ ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း–

(က) ဦးမြင့်စိုး၊ ပျော်ဘွယ် မဲဆန္ဒနယ်၏ **မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးကြီးဆုံးစီမံကိန်းဖြစ်သည့် ထားဝယ်ရေနက်ဆိပ်ကမ်းတည်ဆောက်ရေးကာလသည် ကြာမြင့်နေပြီဖြစ်၍ ထိုစီမံကိန်းကြီးအမြန်ပြီးစီးရေးအတွက် မည်ကဲ့သို့ စီမံဆောင်ရွက်နေသည်ကို ပြည်သူများသို့ ရှင်းလင်းတင်ပြပေးနိုင်ပါရန်**နှင့် စပ်လျဉ်းသည့်မေးခွန်း၊

( ခ ) ဦးမြင့်ရွှေ၊ ဝေါ မဲဆန္ဒနယ်၏ **အချို့သော အစိုးရအထက်တန်းကျောင်းများရှိ ဒသမတန်း စာသင်ခန်းများတွင် စာမေးပွဲမတိုင်မီ (၂)လ၊(၃)လ အလိုမှစ၍ စာသင်ကြားခြင်း မရှိသည်ကို သိရှိရပါသဖြင့် လာမည့်နှစ်တွင် စာသင်ခန်းများကို သတ်မှတ်ချိန်အပြည့် မည်ကဲ့သို ဆက်လက် သင်ကြားမည်ကို သိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဒေါ်ခင်မွေးလွင်၊ မင်းကင်း မဲဆန္ဒနယ်၏ **မင်းကင်းမြို့နယ်အတွင်း အခြေခံပညာကျောင်းများအတွက် လိုအပ်နေသော ကျောင်းအဆောင် တိုးခြင်းများ၊ အန္တရာယ်ရှိကျောင်းဆောင်၊ ဥပမိရုပ် မကောင်းသည့် ကျောင်းဆောင်၊ တိုးချဲ့ကျောင်းဆောင်များ ပြင်ဆင်ထိန်းသိမ်းရန် အတွက် လိုအပ်သည့် ရန်ပုံငွေတောင်းခံခြင်း** နှင့်စပ်လျဉ်းသည့်မေးခွန်း၊

(ဃ) ဦးမြသိန်း၊ ဘိုကလေး မဲဆန္ဒနယ်၏ **ဘိုကလေးမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများတွင် ဆရာ၊ ဆရာမများ စီမံခန့်ထားမှု မညီမျှခြင်းကြောင့် ကျောင်းသား၊ ကျောင်းသူများ ပညာသင်ကြားရေး နစ်နာမှုများအား မည်သို့စီမံဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်း**နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(င) ဦးသိန်းရီ၊ ထန်းတပင် မဲဆန္ဒနယ်၏ **ထန်းတပင်မြို့နယ်အတွင်းရှိ ပန်းတိုင်၊ ဘောလယ်၊ အလိန်လည်ကျေးရွာ အ.ထ.က(ခွဲ)တို့အား အ.ထ.က အဖြစ်လည်းကောင်း၊ အ.လ.က ညောင်ရိုးကျေးရွာအား အ.ထ.က(ခွဲ)အဖြစ်လည်းကောင်း၊ ကျွဲကူးနှင့် အုဖွိုလ်ကျေးရွာ အ.လ.က(ခွဲ)တို့အား အ.လ.ကအဖြစ်လည်းကောင်း၊ ဒေါင့်ကြီးနှင့် ရခိုင်ရိုးလေးကျေးရွာ အ.မ.က(မူလွန်)တို့အား အ.လ.က(ခွဲ)အဖြစ် လည်းကောင်း၊ အ.မ.က သဘော့ချောင်းကျေးရွာအား အ.မ.က (မူလွန်) အဖြစ်လည်းကောင်း၊ ကရင်ချောင်းနှင့် ဘေးမခကျေးရွာ အ.မ.က(တွဲဖက်)တို့အား အ.မ.ကကျောင်းများအဖြစ် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် အဆင့်မြှင့်တင်ပေးရန် အစီအစဉ်ရှိ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(စ) ဒေါက်တာစိုးသူရ၊ ကျုံပျော် မဲဆန္ဒနယ်၏ **ကျုံပျော်မြို့နယ်၊ အ.မ.က သဲဖြူကြီး၊ ရွာသာယာ၊ ကျွဲကျောင်းဂရက်၊ ကျားပစ်အိုင်နှင့် မူလွန် ထော်ဦးကျောင်းတို့အတွက် ကျောင်းဆောင်အသစ်များ ဆောက်လုပ် ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဆ) ဦးညီညီမြင့်၊ အုတ်တွင်း မဲဆန္ဒနယ်၏ **အုတ်တွင်းမြို့နယ်၊ အခြေခံ ပညာအထက်တန်းကျောင်းတွင် ကျောင်းဆောင်သစ် တစ်ဆောင် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

၆။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည် ပေးပို့သော **"မြန်မာ ဗုဒ္ဓဘာသာဝင် မိန်းမများ အထူးထိမ်းမြားခြင်းဆိုင်ရာ ဥပဒေကြမ်း"** ကို လက်ခံရရှိကြောင်းနှင့် ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော် ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း လွှတ်တော်သို့ အသိပေး တင်ပြခြင်း၊

၇။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၅၆ ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ၅၇ ရက်မြောက်နေ့ ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။